SWIS-H
STATEWIDE INFANT
SCREENING - HEARING



# ကျွန်မကလေးကို အကြားအာရုံ အစစ်ဆေးမခံဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဘာတွေသိဖို့လိုအပ်ပါသလဲ။

သင့်ကလေးကို မွေးပြီးကာစ ရက်သတ္တပါတ် အနည်းငယ်အတွင်းမှာ ကျန်းမာရေး စစ်ဆေးမှုတွေ အများအပြား ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ အကြားအာရုံ ပျက်စီးမှုရှိမရှိ စစ်ဆေးတာလဲ ပါပါတယ်။

အကြားအာရုံ စစ်ဆေးမှုကို မွေးပြီးတာနဲ့ အမြန်ဆုံး ပြုလုပ်ပေးမှာဖြစ်ပါတယ်။ ဆေးရုံက မဆင်းခင်နဲ့ ဆင်းပြီးတဲ့အခါတွေမှာလည်း စစ်ဆေးလို့ရပါတယ်။ ဒါမှမဟုတ် ရပ်ကွက်ထဲက တစ်နေရာမှာလည်း ပြုလုပ်ပေး နိုင်ပါတယ်။

မိဘတွေဟာ ကိုယ့်ကလေးကို အကြားအာရုံ အစစ်ဆေးမခံဖို့ ငြင်းပယ်နိုင်ပါတယ်။ အဲဒီအကြောင်းကို သင့်ကလေးရဲ့ တစ်ကိုယ်ရည်ကျန်းမာရေး မှတ်တမ်း (စာအုပ်အပြာ) ထဲမှာ မှတ်တမ်းတင်ထားပါမယ်။ စစ်ဆေးဖို့ကမ်းလှမ်းတဲ့အခါမှာ သင်က ငြင်းပယ်ကြောင်း အတည်ပြုဖို့ ပုံစံတစ်ခုမှာ လက်မှတ်ရေးထိုးခိုင်းပါမယ်။

ကိုယ့်ကလေးကို အကြားအာရုံ အစစ်ဆေးမခံဖို့ ငြင်းပယ်ခဲ့မယ်ဆိုရင်လည်း စစ်ဆေးမှုအကြောင်းနဲ့ စစ်ဆေးမှုဟာ အရေးကြီးကြောင်း သတင်းတွေ ဆက်ပေးသွားမှာဖြစ်ပါတယ်။

## အကြားအာရုံစစ်ဆေးခြင်းကို ဘာကြောင့် ကမ်းလှမ်းရတာလဲ။

ကလေး အယောက် ၁၀၀၀ မွေးဖွားရင် အကြားအာရုံ သိသိသာသာဆုံးရှုံးတဲ့ ကလေး  တစ်ယောက် နှစ်ယောက်လောက် ပါတတ်ပါတယ်။

သင့်ကလေး ဘယ်လောက်အကြားအာရုံ ကောင်းသလဲဆိုတာ တတ်နိုင်သမျှအမြန်ဆုံး လေ့လာကြည့်ဖို့လိုပါတယ်။ အဲဒါမှ သင်နဲ့ သင့်ကလေးဟာ မှန်ကန်တဲ့ အကြံပြုချက်နဲ့ အထောက်အပံ့တွေ ရနိုင်မှာဖြစ်ပါတယ်။

ကလေးတွေဟာ စကားတစ်လုံးကို စပြောတတ်လာပြီဆိုရင် သူတို့ဟာ လူကြီးတွေပြောဆိုတာကို နားထောင်နေတာ တစ်နှစ်လောက်ရှိနေပြီ ဖြစ်ပါတယ်။

အဲဒီကာလအတွင်း ကလေးက နားကောင်းကောင်းမကြားရဘူးဆိုရင် သူတို့ရဲ့ စကားပြောဆိုမှုနဲ့ ဘာသာစကား ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါတယ်။

သတင်းအချက်အလက်တွေ ပိုသိချင်တယ် ဒါမှမဟုတ် သင်စိတ်ပြောင်းသွားပြီး သင့်ကလေးကို အကြားအာရုံ အစစ်ဆေး ခံချင်တယ်ဆိုရင် သင့်ရဲ့ရပ်ကွက်ထဲက SWIS-H အစီအစဉ်ညှိနှိုင်းရေးမှူးကို အမြန်ဆုံး ဆက်သွယ်ပါ။

## သင့်ကလေး ကြီးပြင်းလာတဲ့အခါ ဘာဆက်လုပ်ဖို့ လိုသေးလဲ

အကြားအာရုံဟာ အချိန်ကြာလာတာနဲ့အမျှ အပြောင်းအလဲ ဖြစ်တတ်ပါတယ်။ သင့်ကလေးရဲ့ စကားပြောပုံ၊ ဘာသာစကား ဖွံ့ဖြိုးမှုနဲ့ အသံတွေအပေါ် တုန့်ပြန်ပုံတွေကို စောင့်ကြည့်လေ့လာနေဖို့  အရေးကြီးပါတယ်။

သင့်ကလေးရဲ့ တိုးတက်မှုကို လေ့လာဖို့ စောင့်ကြည့်ရမဲ့ စာရင်းပါတဲ့ စာရွက်ကလေးကို ဖတ်ကြည့်နိုင်ပါတယ်။

နောက်ပိုင်းမှာ သင့်ကလေးရဲ့အကြားအာရုံ သို့မဟုတ် စကားပြောပုံနဲ့ ဘာသာစကား ဖွံ့ဖြိုးမှုနဲ့ပတ်သက်လို့ စိုးရိမ်စရာရှိရင် သင့်ကလေးရဲ့ အကြားအာရုံကို စစ်ဆေးခံဖို့ စီစဉ်ပါ။ သင့်ကလေးရဲ့ အကြားအာရုံကို စစ်ဆေးခံဖို့ သင့်တော်တဲ့ဂန်ဆောင်မှုကို ညွှန်ပြပေးဖို့ သင့်ရဲ့ မိသားစုဆရာဂန် ပြောပြပါ။

အကြားအာရုံကို အသက်အရွယ်မရွေး စစ်ဆေးလို့ရပါတယ်။

နောက်ထပ် အကြောင်းအရာ ပိုပြီး သိလိုပါက အောက်ပါ ဝဝ်ဆိုက် သို့ သွား ၍ ကြည့်နိုင်ပါသည်။

http://www.health.nsw.gov.au/kids-families

ဒေသတွင်း ဆက်သွယ်ရန်/ ချိန်းဆိုရန် အသေးစိတ်အချက်အလက်များ

ကျန်းမာရေးဆိုင်ရာအကြံဉာဏ်အတွက် *healthdirect Australia*
http://www.healthdirect.gov.au/
**1800 022 222**

NSW GOVERNMENT | Health

**Burmese** - I chose not to have my baby's hearing screened. What do I need to know?

SWIS-H
STATEWIDE INFANT
SCREENING - HEARING

# အကြားအာရုံ စောင့်ကြည့် လေ့လာရန်စာရင်း

| | |
|---|---|
| မွေးစမှ ၃ လအထိ | အသံကျယ်ကျယ်ကို တုန့်ပြန်ခြင်း |
| | ရင်းနှီးကျွမ်းဝင်သော အသံများကြားလျှင် ငြိမ်သွားခြင်း |
| | ညည်းပြုံသံပြုခြင်း |
| | စကားပြောသူ၏ မျက်နှာကို ကြည့်၍ စကားသံကိုတုန့်ပြန်ခြင်း |
| ၃-၆ လအတွင်း | အသံလာရာသို့ မျက်လုံး သို့မဟုတ် ခေါင်းလှည့်ကြည့်ခြင်း |
| | စကားပြောသံနှင့် ဆင်တူသော အသံများစတင် ပြုလုပ်ခြင်း |
| | ရယ်မောခြင်းနှင့် သူတို့၏ခံစားမှုကိုပြသသော အသံများပြုခြင်း |
| ၆-၉ လအတွင်း | `ဒါ ဒါ´ `မာ မာ´ `ဘ ဘ´ စသော အသံများ ပြုခြင်း |
| | သူ့ကို ဂရုစိုက်လာရန် အော်ဟစ်ခြင်း/ အသံပေးခြင်း |
| | `ငြင်းပယ်ခြင်း´နှင့် ကိုယ့်နာမည်ကို တုန့်ပြန်ခြင်း |
| | သီချင်းဆိုခြင်းနှင့် ဂီတကို တုန့်ပြန်ခြင်း |
| ၉-၁၂ လအတွင်း | အခြားသူများ၏ စကားသံများကို တုပပြောခြင်း |
| | `ဘောလုံး´ `ခွေး´ `ဖေဖေ` စသည့် ရိုးရှင်းသော စကားလုံးများကို နားလည်ခြင်း |
| | အသံခပ်တိုးတိုးကြားလျှင် ခေါင်းလှည့်ကြည့်ခြင်း |
| | ပထမဆုံးစကားလုံးများ ပြောခြင်း |
| ၁၂-၁၈ လအတွင်း | အပါတ်တိုင်း စကားလုံးအသစ်များ နားလည်လာပုံရခြင်း |
| | `ဘောလုံးကို ယူလိုက်´ စသော ရိုးရှင်းသည့် ညွှန်ကြားချက်များကို လိုက်လုပ်ခြင်း |
| | မေးမြန်းသောအခါ လူများ၊ ခန္ဓာကိုယ် အစိတ်အပိုင်းများ သို့မဟုတ် အရုပ်များကို လက်ညှိုးထိုးပြခြင်း |
| | မပြတ်သားသော်လည်း စကားလုံး အသစ်များကို ပြောဆိုရန် အဆက်မပြတ် သင်ယူနေခြင်း |
| ၁၈-၂၄ လအတွင်း | ပုံမှန်သုံးစွဲသော စကားလုံး ၁၀၀-၂၀၀ အတွင်း ရှိလာခြင်း |
| | ရိုးရှင်းသော ပုံပြင်များ သို့မဟုတ် သီချင်းများကို နားထောင်လာခြင်း |
| | စကားလုံး နှစ်လုံး သုံးလုံးခန့် ပေါင်းစပ်၍ စကားစုများ အသုံးပြုလာခြင်း။ ဥပမာ `အအေး နဲနဲ´ |

မှတ်စု -

NSW GOVERNMENT | Health

© NSW Health September 2016 SHPN (NKF) 150279